## သင်၏ ကတ် နှင့် PIN အား လုံခြုံစွာ ထိန်းသိမ်းပါ

### ကတ် ထိန်းသိမ်းစောင့်ရှောက်မှု

- သင်၏ ကတ်အား သင်၏ ပိုက်ဆံအိတ် သို့မဟုတ် ငွေထည့်အိတ် ကဲ့သို့သော လုံခြုံသည့် နေရာတစ်ခုတွင် ထည့်၍ ထိန်းသိမ်းထားပါ။
- သင်၏ ကတ်အား သန့်ရှင်းနေအောင် ထိန်းသိမ်း၍ တိုက်ရိုက်နေရောင်ခြည် နှင့် သံလိုက်များ၊ အီလက်ထရောနစ် ပစ္စည်းများ အစရှိသည်တို့၏ အဝေးတွင် ထားပါ။

### PIN လုံခြုံအန္တရာယ်ကင်းရေး

- သင်၏ PIN အား မည်သူတစ်ဦးတစ်ယောက်ထံသို့မျှ ဝေမျှခြင်း မပြုပါနှင့်။

### PIN/ကတ် အသစ်အစားထိုးမှု

- အကယ်၍ သင်၏ PIN အား မေ့လျော့သွားခဲ့လျှင် eWIC သုံးစွဲသူ ဝန်ဆောင်မှုများထံ **1-844-230-0813** သို့ ခေါ်ဆိုပါ၊ သို့မှမဟုတ် **www.ebtEDGE.com** သို့မဟုတ် FIS **ebtEDGE အက်ပ်** ထဲသို့ စာရင်းသွင်းဝင်ရောက်၍ ၎င်းအား ပြောင်းလဲပါ။
- အကယ်၍ သင်၏ကတ် ပျောက်ဆုံးသွားခဲ့လျှင်၊ ခိုးယူခံရလျှင် သို့မဟုတ် ပျက်စီးထိခိုက်သွားလျှင် eWIC သုံးစွဲသူ ဝန်ဆောင်မှုထံ **1-844-230-0813** သို့ ခေါ်ဆိုပါ။ ပုံမှန် စာတိုက်မှတစ်ဆင့် ကတ်များအား အစားထိုး ပေးပို့ပေးမည် ဖြစ်သည်။ သင့်အနေနှင့် သင်၏ကတ်အား ငါးရက်မှ ခုနစ်ရက်အတွင်း လက်ခံရရှိသင့်ပေသည်။
- သို့မှမဟုတ် သင်၏ ဒေသခံ WIC ဆေးပေးခန်းသို့ သွားရောက်၍ သင်၏ ကတ်အား အသစ်အစားထိုးလဲလှယ်ပါ။

### ကျွန်ုပ်၏ PIN အား ကျွန်ုပ် မေ့လျော့သွားခဲ့လျှင် (သို့) ၎င်းအား မှားယွင်း၍ ထည့်သွင်းမိလျှင် မည်သို့ ဖြစ်လာမည်နည်း။

အကယ်၍ သင်၏ PIN အား လေးကြိမ် ဆက်တိုက် မှားယွင်း ထည့်သွင်းမိလျှင် သင်၏ကတ်အား ညသန်းခေါင်ယံအချိန်အထိ လော့ခ်ချထားမည် ဖြစ်သည်။ eWIC သုံးစွဲသူ ဝန်ဆောင်မှုထံ ဖုန်းခေါ်ဆိုခြင်းဖြင့်၊ သို့မှမဟုတ် **www.ebtEDGEcom** (သို့) FIS **ebtEDGE အက်ပ်**ထဲသို့ စာရင်းသွင်းဝင်ရောက်ခြင်းဖြင့် သင်၏ PIN အား ပြောင်းလဲနိုင်မည် ဖြစ်သည်။ အကယ်၍ သင်၏ PIN အား အသစ်ပြန်လည် သတ်မှတ်ခြင်း မပြုလျှင် သင်၏ကတ်သည် ညသန်းခေါင်ယံအချိန်၌ အလိုအလျောက် လော့ခ်ပွင့်သွားမည် ဖြစ်သည်၊ သို့သော်လည်း သင့်ကတ်အား အသုံးပြုရန်အတွက် သင်၏ PIN အား လိုအပ်ဆဲ ဖြစ်သည်။

## အလွယ်တကူ ဝင်ရောက်ရယူလိုက်ပါ

**www.ebtEDGE.com သို့ ဝင်ရောက်ကြည့်ရှုပါ၊ FIS ebtEDGE အက်ပ်အား ဒေါင်းလုဒ်ဆွဲပါ၊ သို့မဟုတ် eWIC သုံးစွဲသူ ဝန်ဆောင်မှုထံ ခေါ်ဆိုပါ**

သင်၏ အကျိုးခံစားခွင့် လက်ကျန်စာရင်း၊ ဝယ်ယူမှု မှတ်တမ်း နှင့် အကောင့် အချက်အလက်များကို စစ်ဆေးရန်အတွက်ဌာ –

**eWIC သုံးစွဲသူ ဝန်ဆောင်မှု၏** 24/7 ဖွင့်လှစ်ထားသော အခွန်အခမဲ့ဖုန်းထံ–

**1-844-230-0813**

**သို့ ခေါ်ဆိုပါ၊ သို့မဟုတ်**

**www.ebtEDGE.com**

**သို့ ဝင်ရောက်စစ်ဆေးပါ၊ သို့မှမဟုတ်**

**FIS ebtEDGE အက်ပ်အား အသုံးပြုပါ**

အောက်ပါတို့ကို ဆောင်ရွက်ရန်အတွက်ဌာ **FIS ebtEDGE အက်ပ်** သို့မဟုတ် **www.ebtEDGE.com** အား အသုံးပြုပါ –

- လက်ရှိ အစားအသောက် အကျိုးခံစားခွင့်များကို ကြည့်ရှုစစ်ဆေးရန်
- သင်၏ PIN အား သတ်မှတ်ရန်၊ ပြောင်းလဲရန် (သို့) လော့ခ်ဖွင့်ရန်
- အပေး၊အယူ မှတ်တမ်းများအား ကြည့်ရှုရန်
- အနာဂါတ် အကျိုးခံစားခွင့်များအား ကြည့်ရှုရန်
- အစားထိုးကတ် တစ်ကတ်အား မှာကြားရန်
- စကားဝှက် သို့မဟုတ် အသုံးပြုသူအမည်အား ပြန်လည်ရယူရန်
- စတိုးဆိုင် တည်နေရာတစ်ခုအား ကြည့်ရှုရန်

**မေးခွန်းများရှိပါသလား။** သင်၏ ဒေသခံ WIC ဆေးပေးခန်းသို့ ဆက်သွယ်ပါ၊ သို့မဟုတ် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ် www.ncdhhs.gov/ncwic/eWIC သို့ ဝင်ရောက်ကြည့်ရှုပါ။




NC ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများဌာန၊ ကလေးနှင့်မိသားစု ကျန်းမာဖူလုံရေး ဌာနခွဲ၊ ရပ်ရွာအဖွဲ့အစည်း အဟာရ ဝန်ဆောင်မှုများဆိုင်ရာ အပိုင်း • www.ncdhhs.gov/nc-wic-cacfp
ဤအဖွဲ့အစည်းသည် တန်းတူညီမျှသော အခွင့်အလမ်း ထောက်ပံ့သူ ဖြစ်သည်။

#0016 24419I100

# သင်၏ North Carolina eWIC ကတ်အား အသုံးပြုခြင်း




ရိုးရှင်းသည်၊ လုံခြုံစိတ်ချရသည် ထို့ပြင် သက်တောင့်သက်သာ အဆင်ပြေသည်

# စတင်ရန် – PIN တစ်ခုအား ရွေးချယ်ပါ

သင်၏ North Carolina eWIC ကတ်အား သင် အသုံးမပြုနိုင်မီတွင် သင့်အနေနှင့် ဒီဂျစ်ဂဏန်း 4 လုံး ပါဝင်သည့် တစ်ကိုယ်ရေ အထောက်အထားနံပါတ် (PIN) တစ်ခုကို ရွေးချယ်ပေးရပေမည်။

## ဖုန်းခေါ်ဆိုပါ၊ အွန်လိုင်းသို့ သွားပါ (သို့) အက်ပ် အသုံးပြုပါ။

- eWIC သုံးစွဲသူ ဝန်ဆောင်မှုထံ **1-844-230-0813** သို့ ခေါ်ဆိုပါ
- **www.ebtEDGE.com** ထဲသို့ စာရင်းပေးဝင်ရောက်ပါ
- သို့မဟုတ် သင်၏ App Store သို့ ဝင်ရောက်၍ **FIS ebtEDGE အက်ပ်**အား ဒေါင်းလုဒ်ဆွဲပါ

## PIN တစ်ခုအား ရွေးချယ်ပါ။

- သင့်ကတ်အတွက် ဒီဂျစ်ဂဏန်း 4 လုံး ပါဝင်သော တစ်ကိုယ်ရေ အထောက်အထားနံပါတ် (PIN) တစ်ခုကို ရွေးပေးပါ။
- သင့်အတွက် မှတ်မိရလွယ်ကူသော်လည်း အခြားသူများ ခန့်မှန်းဖို့ရန် ခက်ခဲသည့် ဒီဂျစ်ဂဏန်း 4 လုံးပါ နံပါတ်တစ်ခုကို ရွေးချယ်ပါ။
- သင်၏ PIN အား သင့်ကတ်ပေါ်တွင် သို့မဟုတ် သင့်ကတ်နှင့်အတူ သင် သိမ်းဆည်းထားသော တစ်စုံတစ်ရာပေါ်တွင် ချရေးထားခြင်း မပြုပါနှင့်။

သင်၏ WIC အကျိုးခံစားခွင့်များအား အသုံးပြုနိုင်ရန် အတွက်ငှာ စတိုးဆိုင်တွင် သင်နှင့် အတူ သင်၏ North Carolina eWIC ကတ် တစ်ကတ် ပါရှိရ ပေမည်။




# သင်၏ ကတ်အား အသုံးပြုခြင်း

North Carolina eWIC အား လက်ခံသည့် မည်သည့်နေရာတွင်မဆို သင့်ကတ်အား သင် အသုံးပြုနိုင်ပါသည်။

## WIC အစားအသောက်များအား ဈေးဝယ်ထွက်ပါ

- သင် စတိုးဆိုင်သို့ သွားရောက်ချိန်တွင် သင်၏ WIC အစားအသောက် အကျိုးခံစားခွင့် လက်ကျန်စာရင်းအား သိရှိထားပါ။
- မည်သည့် အစားအသောက်များအား ခွင့်ပြုထားကြောင်း စစ်ဆေးရန်အတွက် WIC ထောက်ခံခွင့်ပြုချက်ရ အစားအသောက်များ စာရင်းကို အသုံးပြုပါ။

## သင်၏ ဝယ်ယူမှုအား ဆောင်ရွက်ပါ

- သင်၏ WIC အစားအသောက်များအား WIC မှ မဟုတ်သည့် အစားအသောက်များဖြင့် သီးခြား ခွဲခြားထားဖို့ လိုအပ်နိုင်ပါသည်။
- သင့်ထံ မေးမြန်းသည့်အခါတွင် သင်၏ ဂဏန်း 4 လုံး ပါသော PIN အား ထည့်သွင်းပေးပါ။
- သင်၏ ပြေစာအား သိမ်းဆည်းထားပါ – ၎င်းသည် သင်၏ အကျိုးခံစားခွင့် လက်ကျန်စာရင်းကို ပြသသည်။

## WIC အစီအစဉ်၏ စည်းမျဉ်းများအား လိုက်နာပါ

- အကယ်၍ သင်၏ကတ် သို့မဟုတ် အကျိုးခံစားခွင့်များအား သင် တလွဲအသုံးပြုလျှင် WIC အစီအစဉ်မှ သင်၏ အရည်အချင်းပြည့်မီမှု ပယ်ဖျက်ခံရနိုင်ပါသည်။
- သင်၏ eWIC ကတ်၊ WIC အစားအသောက်များ (သို့) WIC မွေးကင်းစ ဖော်မြူလာနို့မှုန့်အား ရောင်းချခြင်း မပြုပါနှင့်။
- WIC အကျိုးခံစားခွင့်များအား ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် တလွဲအသုံးပြုခြင်းသည် ရာဇဝတ်ပြစ်မှုတစ်ခု ဖြစ်သည်။ သံသယရှိဖွယ်သော လိမ်လည်မှုအား တိုင်ကြားရန် 800-424-9121 သို့ ခေါ်ဆိုပါ၊ သို့မဟုတ် www.usda.gov/oig/hotline.htm သို့ ဝင်ရောက်ကြည့်ရှုပါ။
- ငွေသား သို့မဟုတ် အကြွေး ရရှိရန်အတွက် WIC အစားအသောက်များ သို့မဟုတ် မွေးကင်းစ ဖော်မြူလာအား ပြန်လည်အပ်နှံလဲလှယ်ခြင်း မပြုပါနှင့်။

## ကတ် လုံခြုံရေး

အကယ်၍ တစ်စုံတစ်ဦးမှ သင်၏ကတ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး၊ သင်၏ PIN အား သိရှိနေခဲ့လျှင် ၎င်းတို့သည် သင်၏ အကျိုးခံစားခွင့်များကို အသုံးပြုနိုင်ပါသည်။ အဆိုပါ အကျိုးခံစားခွင့်များအား ပြန်လည်အစားထိုးပေးမည် မဟုတ်ပေ။ လုံခြုံရေးဆိုင်ရာ အကြံပြုချက်များနှင့်ပတ်သက်၍ နောက်ထပ်သော အချက်အလက်များအတွက် ဤလက်ကမ်းစာစောင်၏ ကျောဘက်အား ကြည့်ရှုပေးပါ။

# သင်၏ အကျိုးခံစားခွင့်များအား နားလည်သိရှိထားခြင်း

သင်၏ အကျိုးခံစားခွင့်များအား မည်သည့်အချိန်၌ သင် ရရှိမည်ဖြစ်ကြောင်း သိရှိထားဖို့ရန် အလွန် အရေးကြီးပါသည်။

## အကျိုးခံစားခွင့် ရရှိနိုင်စွမ်း

- **အကျိုးခံစားခွင့် စတင်သည့် ရက်စွဲ**၏ ည 12:01 a.m. အချိန်တွင် သင်၏ အကျိုးခံစားခွင့်များ ရရှိနိုင်လာမည် ဖြစ်ပြီး၊ ၎င်းသည် **အကျိုးခံစားခွင့် ကုန်ဆုံးသည့် ရက်စွဲ**၏ ည 11:59 p.m. အချိန်တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်သည်။
- အသုံးမပြုရသေးသော အကျိုးခံစားခွင့်များအား နောက်လာမည့် အကျိုးခံစားခွင့် ကာလထဲသို့ **သယ်ဆောင်သွားနိုင်မည် မဟုတ်ပါ။**

## သင်၏ အကျိုးခံစားခွင့် လက်ကျန်စာရင်းအား စစ်ဆေးပါ

သင်၏ လက်ကျန်စာရင်းကို စစ်ဆေးရန်တွက် အောက်ပါတို့မှ တစ်ခုအား ဆောင်ရွက်ပါ –

- သင်၏ နောက်ဆုံး ပြေစာအား စစ်ဆေးပါ။
- www.ebtEDGE.com သို့ စာရင်းပေး ဝင်ရောက်ပါ။
- **FIS ebtEDGE အက်ပ်**အား စစ်ဆေးကြည့်ရှုပါ။
- eWIC သုံးစွဲသူ ဝန်ဆောင်မှုထံ **1-844-230-0813** သို့ ခေါ်ဆိုပါ။

## အကူအညီရယူနိုင်မည့် နေရာများ

- သင်၏ North Carolina eWIC ကတ်နှင့်ပတ်သက်၍ သင့်တွင် မေးခွန်းများ ရှိပါက ကျေးဇူးပြုပြီး www.ebtEDGE.com ၊ FIS ebtEDGE အက်ပ်သို့ စာရင်းပေး ဝင်ရောက်ပါ၊ သို့မဟုတ် eWIC သုံးစွဲသူ ဝန်ဆောင်မှုထံ 1-844-230-0813 သို့ ခေါ်ဆိုပါ။
- သင်၏ WIC အစားအသောက် အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ သင့်တွင် မေးခွန်းများ ရှိလျှင် သို့မဟုတ် သင်၏ လိပ်စာအား ပြောင်းရွှေ့ သို့မဟုတ် ပြောင်းလဲလိုလျှင် ကျေးဇူးပြုပြီး သင်၏ ဒေသခံ WIC ဆေးခန်းထံ ဆက်သွယ်ပါ။
- North Carolina WIC အစီအစဉ်နှင့်ပတ်သက်သော အထွေထွေ အချက်အလက်များအတွက် သင်၏ ဒေသခံ WIC ဆေးခန်းထံ ဆက်သွယ်ပါ၊ သို့မဟုတ် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ် www.ncdhhs.gov/ncwic/eWIC သို့ ဝင်ရောက်ကြည့်ရှုပါ။